# ငှက်ပျောသီးသည်တွမ်



Humphreys Odunga
Zablon Alex Nguku
Naw Thazin Hpway
2
မြန်မာဘာသာ my



တွမ်ဟာ ငှက်ပျောသီးမှည့်တစ်ဖန်းကို ရွက်လာတယ်။



တွမ်ဟာ စျေးထဲမှာငှက်ပျောသီး သွားရောင်းဖို့ဖြစ်တယ်။



ဈေးထဲကလူတွေဟာ သစ်သီးဝလံတွေကို ဝယ်နေကြတယ်။



ဒါပေမယ့် ဘယ်သူမှ တွမ်ရဲ့ငှက်ပျောသီးကို မဝယ်ကြဘူး။ သူတို့ဟာ အမျိုးသမီးတွေရဲ့ သစ်သီးဝလံတွေကိုဘဲ ဝယ်လိုကြတယ်။



လူတွေကော “ငါတို့လူမှုပတ်ဝန်းကျင်မှာ အမျိုးသမီးတွေဘဲ သစ်သီးဝလံရောင်းကြတယ်။ ဘယ်လိုယောက်ျားမျိုးလဲမသိဘူး” ဆိုပြီးပြောကြမေးခွန်းထုတ်ကြတယ်။



ဒါပေမယ့်တွမ်က အရှုံးမပေးပါဘူး။
“ကျွန်တော့်ငှက်ပျောသီးတွေဝယ်ကြပါဦး၊ ချိုမှည့်တဲ့
ကျွန်တော့်ရဲ့ ငှက်ပျောသီးတွေ ဝယ်ကြပါဦး” လို့
ခေါ်ရောင်းပါတယ်။



အမျိုးသမီးတစ်ဦးဟာ ဗန်းပေါ်မှာရှိတဲ့ ငှက်ပျောသီးတစ်ဖီးကိုယူလိုက်ပါတယ်။ သူဟာ ငှက်ပျောသီးကို သေချာကြည့်လိုက်ပါတယ်။



အမျိုးသမီးဟာ ငှက်ပျောသီးတွေကိုဝယ်လိုက်ပါတယ်။




လူတွေ ဆိုင်တန်းဆီကို ဒီထက်ပိုများများရောက်လာပါတယ်။ တွမ်ရဲ့ ငှက်ပျောသီးကို ဝယ်ပြီးစားကြပါတယ်။



သိပ်မကြာခင်မှာဘဲ တွမ်ရဲ့ဗန်းဟာ ကုန်သွားပါတယ်။
တွမ်ဟာ သူရတဲ့ပိုက်ဆံတွေကို ရေတွက်ပါတယ်။



ပြီးနောက်တွမ်ဟာ ဆပ်ပြာ သကြားနဲ့ ပေါင်မုန့်တွေကို ဝယ်ယူပါတယ်။ သူကအဲ့ဒီအရာတွေကို ဗန်းထဲ ထည့်လိုက်ပါတယ်။



တွမ်ဟာ ဗန်းကိုဟန်ချက်ညီညီခေါင်းပေါ်တင်ပြီးအိမ်ပြန်သွားပါတယ်။

# Global Storybooks

globalstorybooks.net

## ငှက်ပျောသီးသည်တွမ်


Humphreys Odunga
Zablon Alex Nguku
Naw Thazin Hpway


CC BY